(ဂ) ခါး-ရိုက်နှက်သို့ ဒုတ်-သေနတ်စသော လက်နက် တစုံတခုကို ကိုင်ထားလျှင်ငှင်း၊

(ဃ) လေး-မြှားတို့ကို ကိုင်ထားလျှင်ငှင်း ထိုသူတို့အား တရားမဟောကောင်းပါ။

---

## လေ့ကျင့်ခဏ်း မေးခွန်း

က။ ဟင်းရည် နွားနို့ လက်ဘက်ရည်များကို ဘယ်လိုအသံ မြည်အောင် မသောက်ကောင်းသနည်း။

ခ။ လျှာဖြင့် အဘယ်သို့ လုပ်၍ မစားကောင်းသနည်း။

ဂ။ ခွက်မှာ (သပိတ်မှာ) ကပ်နေသော ဆွမ်း-ဟင်း အစ အနများကို ဘယ်လိုလုပ်၍ မစားရသနည်း။

ဃ။ နှုတ်ခမ်းမှာကပ်နေသော အစအနကို ဘယ်လိုလုပ်၍ မစားရသနည်း။

င။ ဆွမ်းစားပြီးသောအခါ ရေသောက်လိုလျှင် ဘယ်လို လက်ဖြင့် ရေခွက်ကို မကိုင်ကောင်းသနည်း။

စ။ ဆွမ်းလုံးပါသော သပိတ် (ခွက်) ဆေးရေကို ဘယ်မှာ မသွန်ကောင်းသနည်း။

ဆ။ ထီး, ဒုတ်, ဓား, လေးမြှား, သေနတ် ကိုင်နေသူအား ဘာမလုပ်ကောင်းသနည်း။